
mgyoe.com

SAMPLE BOOK

မြသွေးနှင်းဆီ

# အလွမ်းပြည်ကို ရေးတဲ့စာ



mgyoe.com



mgyoe.com
SAMPLE BOOK
9 782024 001027
mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၀၂)
ပုံနှိပ်မှတ်တမ်း



# မြသွေးနှင်းဆီ

## အလွမ်းပြည်ကို ရေးတဲ့စာ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ
မျက်နှာဖုံးနှင့် အတွင်းပန်းချီ ♦ ဇော်မင်းဇင်
မျက်နှာဖုံးဒီဇိုင်းနှင့်
အတွင်းဒီဇိုင်း ♦ ပိုင်နိုင်အောင်
ထုတ်ဝေသည့်အုပ်ရေ ♦ ၅၀၀
စာအုပ်တန်ဖိုး ♦ ၆၅၀၀ ကျပ်
ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။
ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

မြသွေးနှင်းဆီ
အလွမ်းပြည်ကို ရေးတဲ့စာ / မြသွေးနှင်းဆီ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၂၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၀၂) အလွမ်းပြည်ကို ရေးတဲ့စာ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


ဆူးနဲ့နှင်းဆီ • ထွန်းဝေမြင့်

အလွမ်းအော်ခက်စတြော • နိုင်ဝင်းသီ

ကိုယ်ရေးကိုယ်တာ • ၁၉

နေကောင်းလား ဂျွန် • ၂၀

အမည်မတပ်ထားခဲ့သော ပန်းတစ်ပွင့် • ၂၃

မိုးပြေး • ၂၅

မောနင်းဖလားဝါး • ၂၈

စံပယ်အိပ်မက် • ၂၉

အလွမ်းပြည်ကို ရေးတဲ့စာ • ၃၁

အလွမ်းပြည်ကိုရေးတဲ့စာ–၂ • ၃၂

အလွမ်းပြည်ကိုရေးတဲ့စာ–၃ • ၃၄

အလွမ်းပြည်ကိုရေးတဲ့စာ–၄ • ၃၅

ကိုယ်ပိုင်ရှိဖလက်ရှင် • ၃၇

လမ်းလွဲ • ၃၉

စိတ်ကူး • ၄၀

ညဝတီ • ၄၁

တစ်ကိုယ်ရည်ချစ်ခြင်း • ၄၃

လွန်မြောက်လိုသောခဏ • ၄၅


mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ


အဝေးရောင် ပစ္စကွ • ၄၇
အပေါင်းဆိုင် • ၄၉
အရိပ် • ၅၁
အိပ်မပျော်လို့ရေးတဲ့စာ • ၅၃
အချစ် • ၅၅
မက်ဆေ့ • ၅၆
မက်ဆေ့ – ၂ • ၅၇
ယက်သုံ • ၅၉
ရယ်ရယ်မောမော • ၆၁
ဘဝ • ၆၂
ရဲဆေး • ၆၃
အခန်း • ၆၄
အချစ်ကို စိတ်ထဲမှာမှတ် • ၆၅
နပိုလီယမ် မပြောပြချင်ခဲ့တာတွေ • ၆၇
ကျွန်မရဲ့လဟာ သာတစ်ခါ မိုက်တစ်လှည့် • ၇၀
စိုးရိမ် • ၇၁
မေရှစ် • ၇၂
အဲ့ဒီနေ့က • ၇၄


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


ဥဒ္ဒစ္စ • ၇၆
သမုဒယ • ၇၇
နံ့နက်စာ • ၇၉
တောင်ဝှေးလေးငယ်ငယ် • ၈၁
အိမ်ငှား • ၈၃
အိမ်ပြန်ခက်ချိန် • ၈၄
မြစ်ကျိုးအင်း • ၈၆
ဆာယာ • ၈၈
မဆုံတဲ့ည • ၉၀
ဒီနေ့ • ၉၂
အမှတ်တရ • ၉၄
ဖွင့်ထားတဲ့တံခါး • ၉၆
ကောင်းကင် • ၉၈
တိမ် • ၉၉
သရုပ်ဆောင် • ၁၀၁
ည • ၁၀၄
ည - ၂ • ၁၀၅
အရုပ် • ၁၀၇


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


အချစ်ဆိုတာ • ၁၀၈
ကြွေ • ၁၁၁
ကြိုး • ၁၁၂
အနာ • ၁၁၄
ဆည်းလည်း • ၁၁၅
အတာ • ၁၁၆
မေအလွန် • ၁၁၇
အရွယ် • ၁၁၉
ကွေ့သယိုညနေခင်း • ၁၂၁
ကျေးဇူးပြု၍ နောက်တစ်ကြိမ် ဖတ်ပေးဖို့ • ၁၂၂
မြစ် • ၁၂၅
သီတင်းကျွတ် • ၁၂၆
အဆုံး • ၁၂၈


mgyoe.com

mgyoe.com SAMPLE BOOK

# ဆူး နဲ့ နှင်းဆီ

ထွန်းဝေမြင့်

(၁)

ရန်ကုန် တစ်ဖက်ကမ်းရှိ သန်လျင်မြို့သို့ ကျွန်တော် မကြာခဏ သွားဖြစ်နေကျ၊ ရောက်ဖြစ်နေကျ။ သန်လျင်မှာ စာပေမိတ်ဆွေတွေ ရှိသောကြောင့် သွားဖြစ်ခြင်းပါ။ တစ်ခါတရံ ရန်ကုန်ဘက်မှ မိတ်ဆွေတွေလည်း ကျွန်တော်နှင့်အတူ ပါလာတတ်ကြသည်။ မှတ်မိသလောက် ဆရာအောင်ဇင်မင်း၊ မောင်ဆွေခင် (ခရမ်းပြာ)၊ မောင်ဖီလာ၊ နရီမြတ်၊ စိုးရိမ်၊ ကျော်စိုးလူတို့နှင့် သန်လျင်သို့ သွားခဲ့ကြသည်။

ဟိုတလောကလည်း သန်လျင်သားများဖြစ်ကြသော ကိုနိုင်ဝင်းသီ၊ အဲမိုးခြိမ့်တို့နှင့်တွေ့ဆုံဖို့ ကျွန်တော် ရောက်သွားခဲ့သည်။ မသွားမီ ကိုနိုင်ဝင်းသီက ဖုန်းလှမ်းဆက်သည်။ ကဗျာစာအုပ်တစ်အုပ်အတွက် 'အမှာစာ ရေးပေးဖို့ကိစ္စ'။ သန်လျင်မှာ နေထိုင်တဲ့ "မြသွေးနှင်းဆီ"။

ဆရာမ မြသွေးနှင်းဆီ ရေးခဲ့သော ကဗျာစာအုပ်အတွက် အမှာစာရေးပေးရန်။

(၂)

နှစ်ပေါင်းများစွာ ကဗျာရေး၊ စာရေး၊ ပန်းချီတွေ ဆွဲခဲ့သူမို့ အနုပညာလောကထဲ ကဗျာဆရာ၊ ပန်းချီဆရာအဖြစ် အသိအမှတ်ပြု ခေါ်ဝေါ်သော်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ့်ကိုယ်ကိုယ် ဆရာတစ်ဆူ စာပေကဝိရယ်လို့ မအောက်မေ့မိပါ။ ကဗျာရေးသူ၊ ဝတ္ထုရေးသူ၊ ပန်းချီရေးသူ "လူတစ်ယောက်"အဖြစ်သာ ခံယူပါသည်။

ကဗျာကိစ္စဖြစ်စေ၊ ပန်းချီကိစ္စဖြစ်စေ လေ့လာသင်ယူစရာတွေက မဆုံးနိုင်ပါ။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ဆရာတစ်ဆူ၊ ကဗျာဝိဒူဟု မအောက်မေ့ခြင်းပါ။

(၃)

၂၀၂၁ ခုနှစ်မှစကာ ပုံမှန်ထုတ်ဝေနေကြသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာအတော်များများ တဖြုတ်ဖြုတ်ကြွေ၊ ရပ်စဲသွားကြလေသောအခါ စာရေးဆရာ၊ ကဗျာဆရာများအတွက် ရေးစရာ ပလက်ဖောင်း မရှိသလောက် ဖြစ်သွားရတော့သည်။

စာရေးသူ၊ ကဗျာရေးသူ အချင်းချင်းတွေ့ကြဆုံကြသည့်အခါ စာရေးဖြစ်ပါရဲ့လား၊ ကဗျာရေးဖြစ်ကြရဲ့လား မေးစမ်းတတ်ကြသည်။ အတော်များများက ခေါင်းခါခါ၊ လက်ခါခါ၊ ဒီကာလကြီး ဘယ်လိုရေးနိုင်မလဲဗျာ ဟုဖြေကြသည်။ သူတို့ကိုလည်း အပြစ်မဆိုသာပါ။ ကျွန်တော်ကတော့ ဖြည်းဖြည်းနှေးနှေးတော့ ရေးဖြစ်ပါသည် ဖြေရသည်။

မဂ္ဂဇင်း၊ ဂျာနယ်မရှိလည်း ရေးဖြစ်သူတွေက ရေးဖြစ်ကြပါသည်။ သည်ကာလထဲ ကဗျာစာအုပ်၊ ဝတ္ထုစာအုပ်များ ပုံမှန်ထွက်နေသည်ကို ကြည့်လျှင် သိနိုင်ပါသည်။ ရေးဖြစ်သည့်အတွက်၊ ကဗျာစာအုပ်တွေ ပုံမှန်ထွက်နေသည့်အတွက် ဝမ်းသာရပါသည်။ ကဗျာဆိုသည်မှာ မိမိခံစားရမှုများ၊ မိမိဉာဏ်ရည်ဉာဏ်သွေး စိတ်ကူးစိတ်သန်းများကို ဖော်ထုတ်ဖန်တီးရသည့် ကိစ္စမဟုတ်ပါလား။ ခုလည်း ဆရာမ. . .

"မြသွေးနှင်းဆီ"

သူမ ရေးဖွဲ့သီကုံးထားသော ကဗျာများ စာအုပ်အဖြစ် ထွက်တော့မည်ဆိုတော့ ဝမ်းသာရပါသည်။ ရေးဖြစ်ခဲ့သော ခုနှစ်များကို ကြည့်တော့ ၂၀၂၁ မှ ၂၀၂၄ အထိ။ ကဗျာပုဒ်ရေလည်း အတော်များများ ရှိခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK 

(၄)

မြသွေးနှင်းဆီ ကဗျာအားလုံးကို ဖတ်ရပါသည်။ ကဗျာအားလုံးကိုဖတ်ပြီး အရင်ဆုံး သတိထားလိုက်မိသည်က သူမစကားသံ၊ အရေးအဖွဲ့ ပြေပြစ်ညက်ညောသည်။ သွက်သွက်လက်လက် ချက်ချက်ချာချာ စကားပြောတတ်သည်ကို နားထောင်နေရသကဲ့သို့ ရှိပါသည်။ ဂန္ထဝင်ဟန်၊ ကာရန် နဘေ ချိတ်ဆက်ထားသည်များပါသော်လည်း ကဗျာပုံစံသည် ခေတ်မီနေသည်။ Modernization ဖြစ်နေသည်။

ကာရန်၊ နဘေထပ်ထားသည့် ရေးဖွဲ့ပုံသည်လည်း နှစ်သက်ဖွယ် ဖြစ်နေပါသည်။ ထုတ်နုတ်ပြရလျှင်. . .

*အားဆေးတွေမလိုဘူး အချစ်ရယ်*
*စကားလေးပဲ ပြောပေးပါ။*

. . . . . . . . . . . . . . . . . . . . . . . . . .

*အသံတွေလည်း ထွက်မလာ*
*ကံတွေလည်း တက်မလာ*

. . . . . . . . . . . . . . . . . . . . . . . . . .

*ပြတင်းတံခါးကိုပိတ်*
*အလင်းများကို မှိတ်*

. . . . . . . . . . . . . . . . . . . . . . . . . .

*အခုပဲ ဓားရှတော့မလို*
*အခုပဲ အားကျတော့မလို*

. . . . . . . . . . . . . . . . . . . . . . . . . . .

*အဆင်မသင့်တာပဲ ဖြစ်ဖြစ်*
*ရင်နင့်စရာပဲ ဖြစ်ဖြစ်*
*ယှဉ်မဝံ့သာတဲ့ အဖြစ်တွေနဲ့*
*တမင်လွှင့်ကာပဲ*

. . . . . . . . . . . . . . . . . . . . . . . . . . .

mgyoe.com

mgyoe.com SAMPLE BOOK

(၅)

ကဗျာဖတ်သူတစ်ဦးအနေဖြင့်ပြောရလျှင် ကျွန်တော်က ကဗျာအသစ်၊ အဟောင်း မရွေး၊ ဂန္ထဝင် မော်ဒန်မရွေး စွဲမက်နှစ်သက်တတ်သူ ဖြစ်ပါသည်။

ထိုစကားကို ဘာကြောင့်ပြောရသလဲ ဆိုပါလျှင် ကျွန်တော်တို့ မြန်မာ ကဗျာလောကတွင် အစွဲကြီးသူများ၊ သူ့အုပ်စု သူ့အဖွဲ့၊ သူ့ဂုဏ်နှင့်သူ မင်းမူနေ တတ်ကြသောကြောင့် ဖြစ်ပါသည်။

ဂန္ထဝင်ကဗျာ၊ ရှေးရိုးကဗျာအစွဲကြီးသူကလည်း ဂန္ထဝင်ကဗျာမှ ကဗျာ ထင်သည်။ မော်ဒန်စွဲတွင်လည်း သူ့အုပ်စု၊ ကိုယ့်အုပ်စု ရှိနေပြန်သည်။

"ဒီမော်ဒန်ကဗျာဝါဒ (ism) မှာ ဒီလိုစံနှုန်း၊ ဒီလိုသဘောတရား သီဝရီ တွေနဲ့ ရေးရတယ်။ မင်းတို့က ဒါတွေ သိလို့လား။ ငါတို့အုပ်စုကမှ ဒါမျိုးတွေ ရေး တတ်တာ" ဆိုသော မဟာ မဟာ ကဗျာ့ ဝိဒူမျိုးက ရှိနေပြန်သည်။

ထိုကဗျာ့ဝိဒူပြောတာမှ အမှန်၊ ရေးတာမှ အမှန်ဟု ယုံကြည်ယူဆနေ သည့် မျိုးဆက်သစ် ကဗျာလူငယ်အုပ်စုများကလည်း ရှိနေပြန်ပါသည်။

အလျဉ်းသင့်သဖြင့် ဆရာကြီး ဒဂုန်တာရာ၏ ရှိသေလေးစားဖွယ် ကဗျာ သဘောထားတရပ်ကို ကောက်နှုတ်ဖော်ပြလိုပါသည်။

"ကဗျာစည်းကမ်းတွေ၊ စနစ်တွေ ပြည့်စုံမှ ကဗျာကောင်းလို့ တချို့က ထင်ကြတယ်။ အမှန်က ခံစားမှုကို ကဗျာရေးတဲ့နေရာမှာ ကဗျာဖွဲ့စည်းမှုတွေ၊ နည်းစနစ်တွေက ဟန့်တားထားတော့တာပါပဲ။ လွတ်လွတ်လပ်လပ် မရေးရတော့ ဘူး။ ရှေးကဆိုရင် ကဗျာစည်းကမ်းတွေ ဘောင်တွေများတဲ့အတွက် လူနည်းစုသာ ကဗျာစပ်နိုင်တာ။ ဒီလိုမဖြစ်သင့်ဘူး။ ကဗျာကို လူတိုင်း ရေးနိုင်လေ များများ ရေးနိုင်လေ ကောင်းလေပဲ"

ဒဂုန်တာရာ

(အနုပညာရင်ပြင်၌တွေ့ဆုံခြင်းမှ)

(၆)

ဆရာမ မြသွေးနှင်းဆီ ရေးဖွဲ့သော ကဗျာများကို ကောင်းလှချည့်ရဲ့ မညွှန်းလိုပါ။ သို့သော် သူမကဗျာများတွင် ပြိုးပြိုးပြက်ပြက် လင်းလက်နေသော စကားလုံးများ၊ အရေးအဖွဲ့များကိုတော့ တွေ့နေရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK 

*ကြွက်တက်နေတဲ့ နေ့လယ်ခင်းက*
*ကုက္ကိုပင်ပေါ်က ဖြတ်ပြေးပြီး*
*အဝေးမြို့ကလေးဆီ ကဆုန်စိုင်းတယ်။*

ဆိုသော ခေတ်ပေါ်အာရုံခံစားမှု ထူးထူးဆန်းဆန်းအဖွဲ့အနွဲ့မျိုးကိုလည်း ဖတ်ရပါသည်။

*မှောင်ရီပျိုးရင် ကားကြီးတွေ ဆင်းလာနိုင်ပါ့မလား*
*အိပ်မက်တွေ ဘေးကပ်ရပ်ထားရတဲ့အခါ။*

ဆိုသော ထိထိခိုက်ခိုက် စိတ်တွေခံစားရချက်မျိုးနှင့် သရုပ်ဖော်တတ်သည်ကိုလည်း သူ့မကဗျာများတွင် တွေ့နေရပါသည်။

(၇)

ကျနော်က "အမှာစာ" ရေးလျှင် နိုင်ငံရပ်ခြား ကဗျာလေးများ ညှပ်၍ ရေးတတ်ပါသည်။

ကလောင်အမည် "မြသွေးနှင်းဆီ" ဆိုသည်ကြောင့် "နှင်းဆီ" ကဗျာလေးတစ်ပုဒ် လက်ဆောင်ပေးလိုပါသည်။ ကမ္ဘာကျော်သည့် ကဗျာလေးပါ။ နှစ်ပေါင်းထောင်ချီ သက်တမ်းရှိခဲ့သော်လည်း ယနေ့ထက်တိုင် ကျော်ကြားနေဆဲ၊ ခေတ်မီနေဆဲ ကဗျာလေးတစ်ပုဒ်ပါ။ ရေးသူ ကဗျာဆရာကြီးအမည်က ရူမီ (Rumi) ဖြစ်ပါတယ်။

*နှင်းဆီရဲ့ အရှားပါးဆုံးအနှစ်သာရက*
*ဆူးထဲမှာပဲ ရှိတယ်။*

ရူမီ

The Rose's rarest essence
Live in the thorns.

Rumi

mgyoe.com

SAMPLE BOOK

ဆူးရှိသော ပန်းများထဲတွင် နှင်းဆီပန်းသည် အထင်ရှားဆုံး။ နှင်းဆီပန်း၏ အဆင်းနှင့် ရနံ့သည် ထူးကဲ့သို့ပင် နှင်းဆီပန်း၏ ဆူးကိုလည်း ကဗျာဆရာကြီး ဉာဏ်အမြင်ပေါက်ခဲ့ပါသည်။

(၈)

အတွေးအခေါ် ဒဿန နယ်ပယ်တွင် ဩဇာကြီးသော ယနေ့ခေတ် ဒဿနဆရာကြီး ရစ်ချက်ရော်တီ(Richard Rorty)၏ ထင်ရှားသော စကားတစ်ခွန်း ရှိသည်။

အနက်ရှိုင်းဆုံး ဘဝအဓိပ္ပာယ်နှင့်ဘဝသစ္စာကို ဒဿနပညာဖြင့် ရှာဖွေခြင်းထက် အနုပညာ၊ ကဗျာအလင်္ကာဖြင့် ရှာဖွေခြင်းက ခရီးရောက်နိုင်သည်ဟု ဆိုခဲ့သည်။

ထိုဒဿနဆရာကြီးစကားအရ ကဗျာ၏အတိမ်အနက်ကို ချင့်တွက်နိုင်ပါသည်။ ဆရာမ မြသွေးနှင်းဆီသည် အသက်အရွယ်အားဖြင့်၊ ကဗျာရေးသက်အားဖြင့် ရှေ့တွင် ကဗျာများစွာ ရေးဖွဲ့လိမ့်ဦးမည်ဟု ယုံကြည်ပါသည်။ အသစ်ဖြစ်သော နက်ရှိုင်းသော ကဗျာများစွာ ရေးဖွဲ့နိုင်ပါစေဟု ဆန္ဒပြုရင်း. . .

ထွန်းဝေမြင့်
၂၉. ၆. ၂၀၂၄

mgyoe.com

mgyoe.com SAMPLE BOOK

# ကလွမ်း ဘော်ခက်စကြာ

နိုင်ဝင်းသိ

(တစ်)

အမှောင်. . .

ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် ကျွန်တော်တို့ဆီကို ခြေသံ မကြားရအောင် တိတ်တဆိတ် ချဉ်းကပ်လာခဲ့သော အမှောင်များ။

ပြီး. . . ကျွန်တော်တို့ရဲ့ စိတ်ကူးစိတ်သန်းတွေကို ဘယ်လိုမှ ချဲ့ထွင်ဆန့်ထွက်လို့ မရနိုင်လောက်အောင် စိတ်ရဲ့ပြေးလမ်းမှန်သမျှကို တားဆီးပိတ်ပင်ထားသော တစ်ကိုယ်ရေနာကျင်မှုများ။ အဝေးတစ်နေရာက ချစ်သူခင်သူများရဲ့ လူမှုဘဝ ငရဲများ. . .

တစ်ခါတစ်ရံ အဲဒီလောကငရဲတွေကို ရောက်ရာအရပ်ကနေ ကြည့်ငေးပြီး ထိခိုက်ကြေကွဲနေရုံက လွဲလို့ ဘယ်လို အကူအပံ့မျိုးကိုမှ မစွမ်းသာခဲ့သောအခါ. . .

နေ့စဉ်ဘဝတွေကို မြင်နေ ကြားနေရတာကိုက ကျွန်တော်တို့မှာ ငရဲကြီးရှစ်ထပ်ကို ဘဝမကူးဘဲ အရှင်လတ်လတ် ရောက်နေရသလိုမျိုး။ ခေတ်ကြီးဟာ ကျွန်တော်တို့ရှေ့မှာတင် အငွေ့တွေ တလူလူထွက်ပြီး ရက်ရက်စက်စက် လောင်ကျွမ်းသွားခဲ့ပြီ။

mgyoe.com

mgypoe.com SAMPLE BOOK

တစ်ခါတစ်ခါမှာတော့ အဝေးကနေ လှမ်းဟပ်လိုက်တဲ့ အဲဒီမီးတောက်တွေဟာ ကျွန်တော်တို့ရဲ့ ဘဝတွေကိုပါ ကူးစက်လောင်ကျွမ်းပြီး ကျွန်တော်တို့ပါ အဲဒီမီးတောက်တွေထဲကို ရောက်ရှိသွားသလိုမျိုး. . .

ဂီတနှင့် စကားလုံးတွေသာ မရှိခဲ့လျှင် ကျွန်တော်တို့ရဲ့ ပုဂ္ဂလိက ဘဝတွေကို ရှုးနှမ်းပြာမှိုင်းသွားစေနိုင်သော ရက်စွဲတွေပါပဲ။

(နှစ်)

ကိုယ့်အာရုံနဲ့ကိုယ် ပိတ်လှောင်မွန်းကျပ်နေတဲ့ ရက်စွဲတစ်ခုမှာပါပဲ။

ကျွန်တော်တို့မြို့ကလေးမှာ အခြေစိုက်နေထိုင်တဲ့ ကဗျာဆရာမလေး တစ်ယောက်ဆီက သူမရဲ့တစ်ကိုယ်တော် ကဗျာစာအုပ်လေးတစ်အုပ် ထွက်ဖို့ ပြင်ဆင်နေတယ် ဆိုတဲ့အကြောင်း။

ပြောကြစတမ်းဆိုရင်တော့ အဲဒီထွက်ရှိလာမယ့် ကဗျာစာအုပ်လေးဟာ သူမရဲ့အာရုံခံစားမှုတွေကို ပေါင်းစပ်စုစည်းထားတဲ့ ရောက်ဆဲဘဝရဲ့ ကိုယ်ရေးအကျဉ်းချုပ်လေးပါပဲ။ သိစိတ်ထဲကရော မသိစိတ်ထဲကပါ လှူးလွန့်တိုးထွက်လာခဲ့တဲ့ သူမရဲ့အသံတွေကို အဲဒီစာအုပ်လေးထဲမှာ ကျွန်တော်တို့ အသေအချာ ကြားရပါလိမ့်မယ်။

"အလွမ်းပြည်ကို ရေးတဲ့စာ" လို့ အမည်ပေးထားပါတယ်။

(သုံး)

လူချင်း မသိခင်ကတည်းက သူမရဲ့ ကဗျာတချို့ကို မြင်ခဲ့၊ သိခဲ့ရ။

သူမကို မမြင်ဖူး၊ မတွေ့ဖူးခင်ကတည်းက သူမရဲ့အရေးအသားတချို့ကို Online ပေါ်မှာ အရင်ဖတ်ခဲ့ရ။

သူမ အမှတ်စဉ်တပ်ပြီး ရေးလာခဲ့တဲ့ "အလွမ်းပြည်ကို ရေးတဲ့စာ"ကနေ စတင်လို့ သူမကို သတိထားမိခဲ့။

ကနဦးက သူမကို ကျွန်တော်တို့ သန်လျင်မြို့ကလေးမှာ ခေတ္တခဏ နေသွားခဲ့ဖူးတဲ့ ကဗျာဆရာ ကိုစိုးရိမ်လိုပဲ ၁၄/ တစ်ယောက် ဖြစ်လိမ့်မယ်လို့ ထင်မှတ်ထားခဲ့။ သို့သော်လည်း သူမဟာ ကျွန်တော် ထင်ထားသလို ၁၄/ မဟုတ်

mgypoe.com

mgyoe.com SAMPLE BOOK


ဘဲ ကျွန်တော်တို့ မြို့ကလေးမှာ လာပြီးအခြေလာစိုက်တဲ့ ၁၂/ ရန်ကုန်သူတစ်ယောက် ဖြစ်နေခဲ့။

သူမ အလွမ်းပြည်ကို ရေးတဲ့စာကို ရေးဖွဲ့ပြီး လွမ်းနေတဲ့အချိန်မှာပဲ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ် မည်ခိုင်" ထဲက ကျွန်တော်တို့ရဲ့ မြို့ကလေးမှာတော့ လွမ်းစရာအရင်းအမြစ်တွေဟာ တဖြည်းဖြည်းနဲ့ ပါးရှားသွားခဲ့ပြီ။

ခါတိုင်းဆိုရင် သင်္ဘောဆိုက်ကပ်ခါနီးတိုင်း ဆွဲဆွဲငင်ငင် ပျစ်ပျစ်ချွဲချွဲနှင့် သံရှည်ဆွဲလေ့ရှိတဲ့ နှစ်ထပ်သင်္ဘောလေးတွေရဲ့ ဥသြဆွဲသံကလည်း လွမ်းစရာ။

အခုတော့ ဆွေးမြည့်ကြေကွဲစရာ ဥသြသံလေးကို ကြားရဖို့ နေနေသာသာ သင်္ဘောဆိုက်ကပ်ခဲ့ဖူးတဲ့ ဆိပ်ခံဗောတံတားလေးပင် ဘယ်ဆီဘယ်ဝယ်ကို ရောက်နေမှန်း မသိတော့။

ရေနံချက်စက်ရုံထဲက မနက်စောစော သုံးကြိမ် သုံးခါ ဆွဲလေ့ရှိတဲ့ ဥသြဆွဲသံကလည်း လွမ်းမောစရာ။ သူမတို့ လမ်းထိပ်လေးမှာ အမြဲတမ်းလိုလို စုဖွဲ့တီးခတ်ခဲ့ကြတဲ့ ညမွှေးပန်း ကိုအောင်ထွန်းတို့ရဲ့ ညချမ်းချိန်ခါ ဂစ်တာဝိုင်းလေးကလည်း လွမ်းစရာ။ သူမတို့အနီးဝန်းကျင်က တညင်းမြိုင်စာပေနှင့် စာရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာတွေ စုဝေးရောက်ရှိရာ ကောက်ရိုးနွယ်စာအုပ် အငှားဆိုင်လေးကလည်း လွမ်းစရာ။

ပြီး. . . ညမွှေးပန်း ကိုအောင်ထွန်း၊ ရေနံမြေ ကိုတင်အေး၊ အရှည်ကြီး မျိုးမင်းဦး၊ ကိုခင်လတ်(မီးလျှံငှက်)၊ ကိုဇော်ကြီး (ပင်လယ်)၊ မမဟန်နီနဲ့ မဂျိုက်(စ်)၊ ကျွန်တော်တို့ရဲ့ သွေးခုန်သံဖြစ်တဲ့ "ဒေါနလမ်းပြဇာတ်" လက်ကူး ကဗျာစာအုပ်လေးကလည်း တကယ့်ကို လွမ်းမောစရာ။

အခုအချိန်မှာတော့ လှိုင်းကြီးလေထန်ခဲ့တဲ့ နှစ်ကာလတွေအောက်မှာပဲ အားလုံးဟာ မယုံကြည်စရာ ကောင်းလောက်အောင် အဆုံးသတ်သွားခဲ့။ ညချမ်းချိန်ခါ ဂစ်တာဝိုင်းလေးထဲက လူတွေဆိုလျှင် ကျွန်တော်တစ်ယောက်ကလွဲလို့ အားလုံးဟာ အစအန လုံးဝ မကျန်ရစ်အောင် ကမ္ဘာမြေပေါ်ကနေ လွင့်ရှပျောက်ဆုံးသွားခဲ့ပြီ။

အနုပညာကို ဘုရားသခင်လို ပျပ်ဝပ်ကိုးကွယ်ခဲ့ကြတဲ့ အလွမ်းမြို့ကလေးက စီနီယာအစ်ကိုကြီးတွေပါပဲ။ လွင့်လွင့်မူးမူး ကျွန်တော့်အစ်ကိုကြီးတွေဟာ ကျွန်တော့်အတွက်တော့ ဘယ်သောအခါမှ ရန့်လွင့်ပြယ်သွားမှာ မဟုတ်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ခီဒဲလစ်ပန်းပွင့်များ။

ထူးဆန်းတာတစ်ခုက အဲဒီအဖြစ်အပျက်တွေ အားလုံးဟာ အခု သူမ ရောက်ရှိနေတဲ့နေရာ အဝန်းအပိုင်းလေးအနီးမှာပဲ တစ်ခုပြီးတစ်ခု ဖြစ်ခဲ့ ပျက်ခဲ့တာပါပဲ။ အခုတော့ ညချမ်းချိန်ခါ ဂစ်တာဝိုင်းလေးနေရာမှာ အတိတ်ရက်စွဲတွေထဲကို တစ်ရွက်ပြီးတစ်ရွက် လွင့်ကြွေဝဲကျနေတဲ့ မဟောဂနီရွက်ညိုတွေကိုပဲ မြင်နေတွေ့နေရ။

ဘာပဲပြောပြော စကားလုံးတွေအပေါ် တိမ်းမူးတဲ့ သူမကို စကားလုံးတွေကြောင့်ပဲ အမှတ်ထင်ထင် ဖြစ်ခဲ့ရ။

ထို့နောက် မြို့မလမ်းနဲ့ သီရိလမ်းကြားက ရွှေကံကော်လက်ဖက်ရည်ဆိုင်နဲ့ အောင်ချမ်းသာကုန်းထိပ်လေးက Lucky morning ရဲ့ ပူနွေးနေဆဲ ဖြစ်သောနံနက်ခင်း လက်ဖက်ရည်ခွက်များ။ ကျွန်တော်တို့ရဲ့ အစ်ကိုဆရာ မောင်ဝင်းဝါ၊ ကိုထွန်းဝေမြင့်၊ ကိုစိုးရိမ်၊ အဲမိုးငြိမ့်နဲ့ သူမတို့ ပါဝင်တဲ့ သန့်လျင်နံနက်ခင်းများ။

ထို့နောက် စကားလုံးများရဲ့နယ်နိမိတ်၊ သာသာစကားရဲ့ အကန့်အသတ်နဲ့ အာရုံခံစားမှုတွေအကြောင်း။

ထို့နောက် မြေချစ်သူ၊ ဖော်ဝေး၊ မောင်ချောနွယ်၊ အောင်ချိမ့်နဲ့ ရောက်တတ်ရာရာ မြန်မာကဗျာဆရာတွေအကြောင်း။ ထို့နောက် ဖရီဒါ ခါလို၊ ဆယ်လ်ဗီယာ ပလပ်သ်၊ အလန်ဂျင်းစ်ဘတ်၊ ဖရန့်အိုဟာရာနဲ့ ဂျွန်အက်ရှဘယ်ရီတို့အကြောင်း. . .

(လေး)

ဘယ်လို ညွတ်နူးမှုမျိုးလည်း မသိ။

ကဗျာတစ်ပုဒ်ကို ဖတ်နေပြီဆိုလျှင် ကိုယ်နဲ့ ငြိသွားတဲ့ ပါဒတချို့ဟာ အာရုံမှာ သူ့အလိုလို စွဲထင်ရှိုက်မက် ပါလာလေ့ရှိတာ. . .

အဲဒီလိုမျိုး တွယ်ငြိပါလာခဲ့တဲ့ ကဗျာအပိုင်းအစလေးတွေဆိုတာ ဘာရယ်ညာရယ်မဟုတ် ပေါ်ချင်တဲ့အချိန်မှာ သူ့ဟာနဲ့သူ အာရုံမှာ တိုးတိုးထွက်လာတတ်တာ. . ။ သူမရဲ့ကဗျာလေးတွေကို ဖတ်နေရင်းနဲ့လည်း အာရုံမှာ စွဲထင်ရှိုက်မက်ခဲ့ဖူးတဲ့ ပါဒလေးတချို့ ရှိခဲ့ဖူး။

mgyoe.com

mgyoe.com SAMPLE BOOK 

*ဒီတစ်ခါ လွဲပြီးရင်*
*သံသရာ အဆက်ဆက်*
*မပြတ်မယ့်ကြိုးကိုပဲ ချည်ခဲ့ပါရစေ။*

နှစ်နှစ် သုံးနှစ်လောက် ကြာမြင့်သွားခဲ့ပြီ။ လိုင်းပေါ်မှာ မြင့်ခဲ့တွေ့ခဲ့သမျှ ဖတ်လာရင်းနှင့် ကျွန်တော် ငြိသွားခဲ့ဖူးတဲ့ သူမရဲ့ကဗျာတစ်ပုဒ်ထဲက အရေးအသား လေးပါပဲ။ တိုက်တိုက်ဆိုင်ဆိုင် သူမရဲ့ အခုကဗျာစာအုပ်လေးထဲမှာလည်း အဲဒီ ကဗျာလေး ပါလာခဲ့။ "ပါရမီ" လို့ အမည်ပေးထားပါတယ်။

ရိုးရှင်းသော စကားလုံးလေးတွေနှင့် ရေးဖွဲ့ထားသော ကဗျာလေးတစ်ပုဒ် ဖြစ်သော်လည်း အဲဒီစာကြောင်းလေးတွေကို သတိရမိလေတိုင်း တိုးရီွန်မ်းလျ သော ပင့်သက်ရှိုက်သံ သဲ့သဲ့ဖွဖွကို အဝေးတစ်နေရာကနေ လှမ်းပြီး ကြားနေရ သလိုလို။ မဝံ့မရဲ မျက်လုံးလေးတွေကိုလည်း လှမ်းပြီး မြင်နေရသလိုလို။

ပြီး. . . ဘာကို လွမ်းမှန်းလည်း မသိ။ ဘယ်သူ့ကို လွမ်းမိမှန်းလည်း မသိ။ ရင်မှာ အမြဲတမ်းလိုလို ဆွတ်ဆွတ်ကျင်ကျင်နှင့် လွမ်းတမြည့်မြည့်ဖြစ်ခဲ့ရ။

အဲဒီကဗျာရဲ့ ဆန့်ကျင်ဘက်လို့ ပြောလို့ရနိုင်တဲ့ သူမရဲ့ တစ်ကိုယ်ရေ မုန်တိုင်း (သို့မဟုတ်) "စိတ်ကူး" ဆီ ချိတ်ဆက်မိသွားလျှင်တော့ လူငယ်ဘဝရဲ့ မာကျောကြွပ်ဆတ်မှုဟာ အရှိန်ပြင်းပြင်းနဲ့ ဖြတ်စီးလာတဲ့ မြစ်တစ်စင်းလို ကျွန်တော် တို့ဆီကို ဆိုက်ရောက်လာပါလိမ့်မယ်။

(ငါး)

မြင်လိုက်တွေ့လိုက်ရလေတိုင်း တင်းမာခက်ထန်မှုတွေ ကင်းစင်ပြီး ငွေ့ငွေ့မှျင်မှျင်လေး ပြုံးနေတတ်သော သူမ။ စကားပြောရင်လည်း တိုးတိုးညင်ညင် လေးနဲ့ စကားလုံးတွေကို တစ်လုံးချင်း အေးဆေးညင်သာစွာ ပြောလေ့ရှိသူ။ သူမရဲ့ မျက်ဝန်းညိုညိုတွေကလည်း ဘယ်လိုအချိန်မျိုးမှာ ကြည့်လိုက် ကြည့်လိုက် မာကျော ခက်ထန်မှုတွေ ကင်းပပြီး နူးညံ့ညင်သာနေသော မျက်လုံးမျိုး။

တကယ်တော့ သူမဟာ အဲဒီမျက်ဝန်းတွေနဲ့ပဲ လောကသုံးပါးကို စူးစူးရဲရဲ ငေးစိုက်ကြည့်ပြီး နူးညံ့လှပတဲ့ စကားလုံးတွေနဲ့ သူမရဲ့အာရုံခံစားမှုဘဝကို တစ်ထစ် ချင်း. . . တစ်ဆင့်ချင်း အချိန်ယူတည်ဆောက်နေခဲ့တဲ့ ကဗျာဆရာမလေး။

mgyoe.com

mgyoe.com SAMPLE BOOK

အခုပဲ သူမရဲ့တစ်ယောက်တည်း ကဗျာစုစည်းမှု "အလွမ်းပြည်ကို ရေးတဲ့စာ" စာအုပ်လေးကို ကျွန်တော်တို့ ဖတ်ရတော့မယ်။

"မြသွေးနှင်းဆီ"လို့ ခေါ်ပါတယ်။

လေးစားလျက်

နိုင်ဝင်းသီ

၁၅၊ ၇၊ ၂၀၂၄

သန်လျင်မြို့

mgyoe.com

mgyoe.com


# ကိုယ်ရေးကိုယ်တာ

—

တသိမ့်သိမ့် ယုတ်လျော့သွားတိုင်း
တစိမ့်စိမ့် ဖြည့်တင်းရအောင်
လက်ယက်တွင်းလည်း မဟုတ်။

ကန်မြင့်ရင် ကြာတင့်တယ်လို့
အရှုံးတစ်ယောက်ယောက်ကတော့ ရေရှုတ်ခဲ့မယ်။

ငါ့ကိုယ်ငါတောင် မနည်းရေတွက်နေရတဲ့ရက်တွေမှာ
ငဲ့ကွက်ပူးကြသူ ဘယ်နှဦးရှိမလဲ။

စကားလုံးတွေရဲ့အဝေး
အသံတွေရဲ့အဝေး
ထောင့်စွန်းလေးတစ်ခုအထိ ပြေးရမလား။

mgyoe.com

mgyoe.com SAMPLE BOOK

နာကျင်မှုဆိုတာက
သိပ်ကိုချိုမြတဲ့ မိတ်ဆွေမို့
ခပ်ရဲရဲပဲ လက်ဆွဲနှုတ်ဆက်လိုက်ပါတယ်။ ။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK


# နေကောင်းလား... ဤန်

—

ကြွက်တက်နေတဲ့ နှုတ်လယ်ခင်းက
ကုက္ကိုလ်ပင်ပေါ်ကနေ ဖြတ်ပြေးပြီး
အဝေးကမြို့လေးဆီ ကဆုန်စိုင်းတယ်။

ကိုယ့်အလွဲနဲ့ကိုယ်ဆိုပေမယ့်
မပြေသေးတဲ့ သေချာမှုတွေထဲ
မာတ်ဆားရည်တစ်ထုပ် ဖျော်ထည့်ခဲ့မိ။

ပန်းဆိုးတန်းမှာမှ
ဖတ်ရမယ့်စာအုပ်တွေ သီးသန့်ရှိနေတာမျိုး...
ဖတ်ရဖို့
ဖက်ရဖို့
တိုးတိုးလေးချရတဲ့ သက်ပြင်းဟာ
အချိန်ယူသောက်ခဲ့ရတဲ့ လက်ဖက်ရည်ခွက်ထဲမှာ။

mgyoe.com

mgyoe.com

SAMPLE BOOK

မျှော်လင့်စိတ်ကို
အသက်လိုမနားတမ်းရှုရှိုက်
အတူတူနင်းဖြတ်ခဲ့လမ်းတွေမှာ

ယူမယ်ဆို
ဆက်ဆက်ပေးချင်တဲ့ ကတိမဆန်သောစကားတွေမို့...

မစိုမှာ စိုးစိတ်နဲ့တော့
ဘယ်မိုးထဲကိုမှ ကိုယ် ဖြတ်မလျှောက်ခဲ့တာ သေချာ။ ။

■ ■ ■

mgyoe.com

mgyoe.com



# အမည်မတပ်ထားခဲ့သော ပန်းတစ်ပွင့်

—

တစ်ခါတစ်ခါလည်း
ဟာသပဲ
ရယ်ရတယ်
ငိုရတယ်
ငါ မစခဲ့တဲ့ ဘဝဆိုတာကလေ

သူတော်ကောင်းတွေနဲ့ ကြုံရ
လူယဉ်ကျေးတွေနဲ့ ဆုံရ
အမှားအယွင်းမရှုပ်နဲ့
ငါကလေ

မပိခဲ့တဲ့ ဝေရီပွင့်သစ်မှုနဲ့
မချည်ခဲ့တဲ့ ထုံအီသင်းပျံ့မှုနဲ့
ဘယ်ကြေးမှမဖြတ်ခဲ့တဲ့ အသံမဲ့နာကျင်မှုတွေနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဘဝပြေးလမ်းတစ်လျှောက်မှာ
ငေးလောက်စရာ မမှားယွင်းမှုမျိုးနဲ့
ပြန်ပွင့်တဲ့ စာမျက်နှာတိုင်းမှာ
ထိတွေ့ပတ်သက်ခဲ့သမျှ
ကြီးကျယ်ကြ
မြင့်မြတ်ကြနိုင်ဖို့

လေထဲမှာ ဖျတ်ခနဲလွင့်ပါသွားမယ့်
ကြွေရွက်လေးက
ကိုယ့်စနက်နဲ့ကိုယ် အခက်ထဲ ခုန်ဆင်းခဲ့ပါတယ်။ ။

■ ■ ■

mgyoe.com

mgyoe.com


## မိုးပြေး

—

ဆပ်ကပ်ထဲက ကက်ဆက်အပျက်ထဲ
ညပ်နေတဲ့စိတ်အနာစတွေ ရစ်ထွေးလို့...

ရစ်သာရစ်နေရ
အသစ်ထွက်မလာတဲ့ ဉာဏ်အစဉ်တွေနဲ့
ရပ်နေဆဲ
တုံ့နေဆဲ

အသံတွေလည်း ထွက်မလာသလို
ကံတွေလည်း တက်မလာဘူး

ရက်တွေက ရွေ့သွားတယ်
အသက်တွေခများလည်း မေ့သွားခြင်းခံရတယ်

mgyoe.com


SAMPLE BOOK

တစ်ခုလိုချင်ရင် တစ်ခုပေးရသတဲ့
ဘာတစ်ခုမှ မလိုချင်တဲ့အခါ
အရာရာ ပေးခဲ့လိုက်ပါတယ်။ ။

■ ■ ■

mgyoe.com

mgyoe.com 



mgyoe.com

 mgyoe.com SAMPLE BOOK

မောနင်းဖလားဝါး

—

အပျော်ဆိုတာ
အဲ့မျက်လုံးဝိုင်းဝိုင်းလေးတွေနဲ့ စာလုံးပေါင်းရမှန်း
ဖတ်စာအုပ်ထဲမှ မပါဘဲကွဲ့.

နွေမနက်ကို
တစ်ရှုက်ချင်းလှန်ဖတ်ရှုတဲ့အခါ
ဝေးကွာခြင်းခေါင်းစဉ်တွေပဲ တွေ့လိမ့်မယ်

အိပ်မက်တွေထဲ
ပြန်ဆုံတဲ့အခါတော့
သံသရာကို
ဝရန်တာလေးမှာပဲ ချည်စိုက်ခဲ့ပါရစေ။ ။

■ ■ ■

mgyoe.com

mgyoe.com

SAMPLE BOOK



## စံပယ်ပန်းတင်ကြာ

—

ငြိမ်နေတဲ့ စံပယ်ပင်လေးမှာ
မှိန်နေတဲ့ မျှော်လင့်ချက်လေး ရှိတယ်

အချိန်ကာလမိုးပေါက်တွေ
ဖြိုးဖြိုးဖျောက်ဖျောက်ကျတဲ့အခါ

ရဲရင့်တဲ့ ဖြူစင်မှုတွေ
မပွမပင် ပွင့်လန်းပြရင်း

mgyoe.com

mgyoe.com
SAMPLE BOOK

အသရေ ဖဲ့ ခံရတာတွေ
အခြေအနေ ပဲ့ ခံရတာတွေ
အဖြေတွေ မဲ့ ခံရတာတွေအတွက်
သင်ပုန်းခြေရင်း
အမြင်တစ်ဆုံး မကြည့်ခံရဖို့
တစ်ပင်လုံးဝေအောင် ပွင့်ပြလိုက်ချင်လို့...။ ။

■ ■ ■

mgyoe.com

mgyoe.com
SAMPLE BOOK


# အလွမ်းပြည်ကို ရေးတဲ့စာ

—

ချယ်ရီက
သူ့တောင်ပေါ်မှာ သူ ပွင့်တာပါပဲ
ဒီအရပ်က လွမ်းကြည့်တော့လည်း ချမ်းမြရတာပေါ့

ကိုးဒီဂရီထိ အေးနေပြီဆိုတော့လည်း
အတွေးနဲ့တင်
အနွေးဓာတ်ရအောင် ပြေးဖက်ထားချင်မိပြန်ရော

ဟင်းထုပ်စားချင်တယ်ပြောတာများ
ခေါပုတ်ပို့လိုက်မယ်ဆိုသူရေ
လွဲလို့ကောင်းနေခဲ့တာများ
ဒီကာလလွန်ရင် ရပ်ပ့ါမလား။ ။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# အလွမ်းပြည်ကို ရေးတဲ့စာ – ၂

—

အလွမ်းပြည်မှာ
အလွမ်းတွေ ကျနေပြီလား
ဘယ်လိုညဥ့်နက်နက်
မနက်စောစော လမ်းလျှောက်ထွက်တဲ့
နှိုးစက်ကလေး မဖြစ်ရတာ ကြာ။

လွဲသွားတဲ့ဖုန်းတွေ ရှိမယ်
မပြန်ဖြစ်တော့တဲ့စာတွေ ရှိမယ်
အတွေးထဲမှာတော့ ဘဝအဆက်ဆက်။

mgyoe.com

mgyoe.com



အမုန်အမှားဆိုတာထက်
ဘယ်စကားကိုမှ တရားလက်လွတ် မဆိုချင်လို့
အာဗိုပဲ သိတဲ့ ကျီးတွေဆီက ပြေးထွက်။

ငေးမြငေးလျက်
ဆွေးမြဆွေးလျက်
မယ်ရီခရစ်စမတ်။ ။

■ ■ ■

mgyoe.com